ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၂၆-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီဝင် အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၎င်းအတိုင်း။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၎င်းအတိုင်း။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၎င်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ကျန်းမာရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) ကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ကျိုက်ထီးရိုးဆံတော်ရှင်မြတ်၏ ဂေါပကကိစ္စနှင့် ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အလုပ်ရုံဆွေးနွေးပွဲတက်ရောက်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၆)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ (၁၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိက အဆောက်အအုံကြီးများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရ ကျောင်းတိုက်တို့ကို ရေရှည်တည်တံ့စေရေး အလို့ငှာ မည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းပေးနေသည်ကို သိရှိလိုခြင်းနှင့် မြို့ရိုးဟောင်းကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန် မြို့ရိုးအပြင်ဘက်မှ ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ က မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ

ရှေးဟောင်းသာသနိက အဆောက်အအုံကြီးများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရ ကျောင်းတိုက်တို့ကို ရေရှည်တည်တံ့စေရေးအလို့ငှာ မည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းပေးနေသည်ကို သိရှိလိုခြင်းနှင့် မြို့ရိုးဟောင်းကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန် မြို့ရိုးအပြင်ဘက်မှ ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များ မင်္ဂလာပါခင်ဗျား။ မကွေးတိုင်းဒေသကြီးအမှတ်(၁၀)ဖြစ်တဲ့ ရေစကြို မြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အားကစား ကော်မတီဝင် ကျွန်တော် ဒေါက်တာကျော်ငွေက ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းနဲ့ ပတ်သက်တဲ့ မေးခွန်းနှစ်ခုကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာမှာ Power Point အသုံးပြုဖို့ မေတ္တာရပ်ခံပါတယ်။ ပခန်းကြီးရှေးမြို့ဟောင်းဟာဆိုလို့ရှိရင် ရေစကြိုမြို့နဲ့ပခုက္ကူ ကားလမ်းပေါ်တွင် တည်ရှိပြီးတော့ ရေစကြိုက(၁၀)မိုင်ခန့် ဝေးပါတယ်။ သမိုင်းဝင်စည်သူ့ရှင်မြတ်စွာ ဘုရားနှင့်တကွ မင်းတုန်းမင်းလက်ထက်က ကျီဝန်မင်းဦးတုတ် ဆောက်လုပ်လှူထားခဲ့တဲ့ သစ်သား ကျောင်းတော်ကြီးတို့လည်း တည်ရှိလို့ ထင်ရှားတဲ့ ရှေးမြို့ဟောင်းလည်း ဖြစ်ပါတယ်။

သမိုင်းသုတေသီတို့အဆိုအရ ပခန်းကြီးမြို့ဟောင်းကို ဘီစီ(၅၀၈)ခုကနေ အေဒီ ၁၇၃၈ အထိ (၅)ကြိမ် တည်ခဲ့ရပါတယ်လို့ သိရပါတယ်။ ယခုမြင်တွေ့နေရတဲ့ မြို့ရိုးဟာ “သုသုတန်း - ပခန်းတည်” ဆိုတဲ့ မှတ်တမ်းစကားအရ ကောဇာသက္ကရာဇ် ၆၆၇ ခုနှစ်၊ အေဒီ ၃၀၅ ခုမှာ တစီးရှင်သီဟသူမင်းက တတိယအကြိမ်မြောက် တည်ခဲ့တယ်လို့ သိရပါတယ်။ မြို့ရိုးတည်ပုံ ပန္နက်ကလည်း ကုန်းဘောင်ခေတ် မြို့ရိုးတွေလို လေးထောင့်လည်းမကျ၊ ပျူခေတ် ဟံလင်း၊ သရေခေတ္တရာ၊ ဗိဿနိုး စတဲ့ မြို့ရိုးတို့လို စက်ဝိုင်းလည်းမမည်၊ ဘဲဥပုံလည်းမဟုတ်ဘဲ အနားလေးဘက်ပါသော နှစ်နားပြိုင် တြာပီဇီယမ်ပုံ တစ်နည်းအားဖြင့်(မြန်မာ့တင်းတောင်းပုံ)ကို ဘေးကကြည့်တဲ့ပုံသကဲ့သို့ ဖြစ်နေပါတယ်။ မြို့ရိုး တစ်မျက်နှာ (၁၂၅)တာစီဖြင့် လေးဘက်စုစုပေါင်း တာ(၅၀၀)၊ ပေ (၅၂၅၀)ပေ ရှိတယ်လို့ သိရှိရ ပါတယ်။ မြန်မာပြည်မှာ ရှိတဲ့ ရှေးမြို့ရိုးများထဲမှာ ထုထည် အကြီးဆုံးဖြစ်ပြီးတော့ အမြင့်ဆုံးလို့လည်း သုတေသီတို့က ဆိုကြပါတယ်။ အဲဒီမြို့ရိုးတို့ကို မြေနီသရိုးနဲ့ ကိုင်ပြီးတော့ အုတ်စီထားပုံကလည်း ထူးခြားမှု ရှိနေပါတယ်။ အနောက်ဘက်မျက်နှာမှာ ခိုနန်းချိုးပုံ၊ မြောက်ဘက် မျက်နှာမှာ မယားခိုးပုံ၊ အရှေ့ဘက်မျက်နှာမှာ လင်းမြွေရိုးပုံ၊ တောင်ဘက်မျက်နှာမှာ လှိုင်းတံပိုးပုံလို့ သိရပါတယ်။

ယခုအခါ နေရာအတော်များများဟာ ပြိုပျက်နေကြပါပြီ။ ဒါ့ထက် ပိုဆိုးတာက ကန္တာရ ထနောင်းပင်များ မြို့ရိုးအနှံ့ပေါက်ရောက်နေခြင်းက မြို့ရိုးရဲ့အလှကို ပျက်ရသလို အုတ်ချပ်များကိုပါ ကွာကျပျက်စီးစေပါတယ်။ ကျုံးနေရာများလည်း တိမ်ကောပြီး ရွာသားအချို့က ထွန်ယက်စိုက်ပျိုးကာ ကိုယ်ပိုင်ယာများအဖြစ် ပြုလုပ်ထားတာကိုလည်း တွေ့ရပါတယ်။ ပခန်းကြီးမြို့ရိုးရဲ့ အုတ်စီပုံ ထူးခြားမှု တို့ကို သမိုင်းသုတေသီနှင့် ဧည့်သည်တော်များဟာ လေ့လာကြည့်ရှုရန် ညွှန်ပြလိုပါသော်လည်း တောထရှင်သန်နေတဲ့ ဆူးပင်၊ ချုံပင်များကြောင့် အခက်အခဲ ဖြစ်နေပါတယ်။ မြို့ရိုးကို မြင်နိုင်တဲ့ နေရာ ကျုံးဘေးမနီးမဝေးကနေ ကားလမ်းငယ်ကလေး ဖောက်လုပ်ပေးလို့ရှိရင် Community

Based Tourism လို့ ခေါ်တဲ့ လူထုအခြေပြု ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိနိုင်မယ် ဖြစ်ပြီးတော့ ဒေသခံများအတွက် ဝင်ငွေလည်း တိုးလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းဘောင်ခေတ် ပခန်းသာသနာဝင်တွင် ထင်ရှားခဲ့တဲ့ ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဒီပဓဇမထေရ် သီတင်းသုံးခဲ့တဲ့ ရွှေဥမင်ကျောင်းတော်ကြီးကလည်း ပခန်းမြို့ရဲ့မြောက်ဘက် မိုင်ဝက်ခန့်လောက်မှာ ရှိပါတယ်။ ယင်းကျောင်းတိုက်ကြီးအတွင်းမှာလည်းပဲ ဆူးပင်များ တောထ မင်းမူနေကြလို့ သွားလာရ ခက်ခဲနေပါတယ်။ ဆရာတော်ကြီးရဲ့ ဝိနည်းငါးကျမ်းပေစာ ရေးသားခဲ့တဲ့ မကျည်းပင်အောက်က ကျောက်ပလ္လင်နေရာမှာ ၁၉၃၈ ခုနှစ်လောက်က ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင် လာရောက်ပြီး  ကျောက်တိုင်စိုက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီကျောက်တိုင်ဟာ ရှိတော့ ရှိတယ် ချုံတွေကြားမှာ ပျောက်ကွယ်လို့ ဖြစ်နေပါတယ်။ ဒါ့အတွက် ကျွန်တော်မေးလိုတာက (၁) ပခန်းကြီး မြို့ဟောင်းမှာရှိတဲ့ သမိုင်းဝင် အုတ်မြို့ရိုးကြီးများနှင့် ရွှေဥမင်တောရ အပါအဝင် ---- (ဩဘာသံများ)

မြောက်ဘက်မြို့ရိုး၏ ဝင်းမနားတံခါးက အုတ်နံရံကြီးနှင့် တောထနေသော ကန္တာရ ထနောင်းပင်များပုံ(သ)



ပခန်းမြို့ရိုးမှ ဆန်းပြားသော အုတ်စီထားပုံ (သ-၁)



ပခန်းအဝင်ဝမှ ရွှေဥမင်တောရကျောင်းတိုက်နှင့် တောင်ဖီလာဆရာတော်၏ ဝိနည်းငါးကျမ်းပေမူကို မီးပူဇော်ခဲ့ရာနေရာ) တွင် သခင်ကိုယ်တော်မှိုင်းက အမှတ်တရ စိုက်ခဲ့သည့်ကျောက်တိုင် မြင်ကွင်းပုံ (သ-၂)





**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ အားလုံးကို မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကို ဖြစ်ပါတယ်။ အခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်မှာရှိတဲ့ ပခန်းကြီးရှေးမြို့ဟောင်းမှာရှိတဲ့ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိက အဆောက်အအုံကြီးများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရ ကျောင်းတိုက်အပါအဝင် ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများ ရေရှည်တည်တံ့စေရေးအလို့ငှာ နှစ်စဉ်ခွင့်ပြုရန်ပုံငွေ လျာထားလျက် ထိန်းသိမ်းစောင့်ရှောက်ပေးနေပါတယ်။ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်ကစပြီးတော့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ်(၁၇၆.၁၉၆)သန်းဖြင့် ဆောင်ရွက်ထားလျက်ရှိပါတယ်။ ငွေသုံးစွဲမှုအခြေအနေကိုလည်းပဲ အသေးစိတ် အခြေအနေကို ပူးတွဲတင်ပြထားပါသည်။

ဒီနေရာမှာ ကျွန်တော်တို့ တစ်ခုရှိတာက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချိပြီးတော့မှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် သာသနိကအဆောက်အအုံတွေက များစွာရှိပါတယ်။ အဲဒီလိုရှိတဲ့ အခါမှာ ကျွန်တော်တို့ ခုနက အဆင့် သတ်မှတ်ထားပါတယ်။ အဲဒီလို အဆင့်သတ်မှတ်တဲ့နေရာမှာ ကျွန်တော်တို့ Historical Value သမိုင်းတန်ဖိုး၊ Architectural Value ဗိသုကာတန်ဖိုး၊ Cultural Value လို့ခေါ်တဲ့ အနုလက်ရာတန်ဖိုးတွေပေါ် မူတည်နေပြီးတော့မှ ခုနက ကျွန်တော်တို့ အဆင့် သတ်မှတ်ပါတယ်။ အဲဒီလို အဆင့်သတ်မှတ်တဲ့အခါမှာ ပုဂံတို့၊ အင်းဝတို့ ကုန်းဘောင်တို့ ခုန ကျွန်တော်တို့ သရေခေတ္တရာတို့က ဒါ အဆင့်(၁)မှာ ပါပါတယ်။ ဦးစားပေးစာရင်းမှာ ပါပါတယ်။ အခု ရေစကြိုမြို့နယ်မှာရှိတဲ့ ပခန်းကြီးဒေသ ရှေးဟောင်းသာသနိကအဆောက်အအုံများတော့ အဆင့်(၁)မှာ မပါဝင်ပါဘူး။ သို့သော်လည်းပဲ နိုင်ငံတော်ဘဏ္ဍာငွေကနေပြီးမှ တတ်နိုင်သမျှ ထောက်ပံ့ပြီးတော့မှ ပြင်ဆင် လျက်ရှိပါတယ်။ ရှေ့လျှောက်လည်းပဲ ရန်ပုံငွေ ကျွန်တော်တို့ ဆက်လက်တောင်းခံပြီးတော့မှ ထိန်းသိမ်းတဲ့ အလုပ်တွေကို လုပ်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဩဂုတ်လ ၂၄ ရက်နေ့တုန်းက လှုပ်ခတ် ခဲ့တဲ့ ငလျင်ဘေးဒဏ်ကြောင့် အချို့ရှေးဟောင်းအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိ၍ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစီးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးမှတ်တမ်းတင်ခြင်း၊ အခြားလိုအပ်သည်များ ပြုပြင်ရန် ခန့်မှန်း တွက်ချက်ပြီးတော့မှ နိုင်ငံတော် အစိုးရသို့ ဘဏ္ဍာငွေ တောင်းခံ၍ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မြို့ရိုးဟောင်းကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန်ကိစ္စမှာ လူနေအိမ်များ၊ မြို့ရိုး အပြင်ပတ်လည်မှာ ပုဂ္ဂလိက ပိုင်ဆိုင်တဲ့ မြေကွက်များ၊ စိုက်ခင်းများ တည်ရှိတဲ့အတွက် မြို့ရိုးအပြင်ဘက် ကနေပြီးမှ ကားလမ်းဖောက်လုပ်ပေးရာမှာ လောလောဆယ် မဖြစ်နိုင်တဲ့ အခြေအနေရှိပါတယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကလည်းပဲ ဥပဒေအရ ရှေးဟောင်းအဆောက်အအုံများကိုသာ ကာကွယ်ထိန်းသိမ်းရန် ကျွန်တော်တို့ တားမြစ်နိုင်သော်လည်း မြေပိုင်ဆိုင်မှုကို စီမံခန့်ခွဲပိုင်ခွင့်မရှိပါဘူး။ အလားတူပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှာလည်းပဲ ရန်ပုံငွေ တင်ပြတောင်းခံထားခြင်း မရှိသေးပါဘူး။ လောလောဆယ် ပုဂံဒေသ အပါအဝင် ငလျင်ဒဏ်သင့်တဲ့ ဒေသတွေရဲ့ ရှေးဟောင်းသာသနိကအဆောက်အအုံတွေကို ဦးစားပေးပြင်ဖို့ အတွက်ကို လုပ်ဆောင်နေရတဲ့ အချိန်ဖြစ်ပါတယ်။ နောက်ပြီးတော့လည်းပဲ ကားလမ်းဖောက်လုပ်ရန် လုပ်ငန်းဟာလည်းပဲ ကျွန်တော်တို့ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက လုပ်ရမယ့် လုပ်ငန်း တာဝန်မဟုတ်တာအတွက်ကြောင့်မို့ လောလောဆယ် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် မရှိသေး ပါကြောင်း လေးစားစွာ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အစမှအဆုံးတိုင် ပြီးမြောက်ခြင်း မရှိသော်ငြားလည်း စာပေတန်ဖိုး ကြီးမားသည့် J.A. Stewart ၊ C.W.Dunn ၊ H.F.Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့၏ Burmese-English Dictionary နှင့် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ "ဆ"အက္ခရာအထိ ပုံနှိပ်ထုတ်ဝေပြီး ရပ်ဆိုင်းသွားခဲ့သော တက္ကသိုလ် မြန်မာအဘိဓာန်တို့၏ ပြုစုပြီးသမျှတို့ကို ပြန်လည် ပုံနှိပ်ထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝး၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် က အစမှအဆုံးတိုင် ပြီးမြောက်ခြင်း မရှိသော်ငြားလည်း စာပေတန်ဖိုး ကြီးမားသည့် J.A. Stewart ၊ C.W.Dunn ၊ H.F.Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့၏ Burmese-English Dictionary နှင့် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ "ဆ"အက္ခရာအထိ ပုံနှိပ်ထုတ်ဝေပြီး ရပ်ဆိုင်းသွားခဲ့သော တက္ကသိုလ် မြန်မာအဘိဓာန်တို့၏ ပြုစုပြီးသမျှတို့ကို ပြန်လည် ပုံနှိပ်ထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၁၇။**


**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် နဲ့ English လို သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာတိုင်းရင်းသားများနဲ့ မြန်မာစာပေကို လေ့လာသင်ယူကြတဲ့ နိုင်ငံခြားသားများအတွက် မြန်မာ-အင်္ဂလိပ် အဘိဓာန်မှာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒီလိုအပ်ချက်ကို ကြိုးပမ်းဖြည့်ဆည်းပေးခဲ့သူမှာ Dr. Judson ဖြစ်ပါတယ်။ နှစ်ပေါင်း(၁၆၀)ကျော်ပြီဖြစ်တဲ့ Dr. Judson ရဲ့ အဘိဓာန်ကို မြန်မာနိုင်ငံ နှစ်ချင်းခရစ်ယာန်သာသနာပြုများက အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေခဲ့တဲ့ ကျေးဇူးတရားကြောင့် ယနေ့တိုင် အသုံးပြုခွင့် ရလျက်ရှိပါတယ်။ ကျွန်တော့်ကိုလည်း ဦးဂျေယောဝှ လက်ဆောင်ပေးသဖြင့် ရရှိခဲ့ပါတယ်။ Dr. Judson က သူ့အဘိဓာန်ကို Exceedingly Imperfect လိုအပ်ချက် ကြီးမား သေးတယ်လို့ပြောခဲ့ပါတယ်။

ယင်းအဘိဓာန်ကို ဖြည့်စွက်ပြီးတော့ Revised Edition လုပ်ဖို့ Mr. C.W.Dunn က ၁၉၁၃ ခုနှစ်မှာ စိတ်ကူးရခဲ့ပါတယ်။ ကုန်ကြမ်းစုဆောင်းခြင်းကို ၁၉၂၅ ခုနှစ် နှစ်ကုန်ပိုင်းမှာစခဲ့ပြီး ၁၉၄၀ ပြည့်နှစ်မှာ စာမျက်နှာ (၄၀)ပါ ပထမပိုင်း၊ နောင် (၁၀)အကြာ ၁၉၅၀ ခုနှစ်မှာ စာမျက်နှာ (၁၂၀)အထိ ဒုတိယပိုင်း၊ ၁၉၅၅ ခုနှစ်မှာ စာမျက်နှာ (၂၀၀)အထိ တတိယပိုင်း၊ ၁၉၆၃ ခုနှစ်မှာ စာမျက်နှာ (၂၈၀)အထိ စတုတ္ထပိုင်းကို ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ၁၉၉၁ ခုနှစ်တွင် ပထမအကြိမ်ပုံနှိပ်ခဲ့သော မြန်မာအဘိဓာန်စာအုပ် စာမျက်နှာ ခ-ဂ မှာ ယခု တင်ပြသော အဘိဓာန်ကို "အ" အက္ခရာမှ "အံ" အက္ခရာအထိ (၆)ပိုင်းခွဲ၍ ထုတ်ဝေခဲ့ကြောင်း ဖော်ပြထားပါတယ်။ ကျွန်တော့်မှာ ဆရာကြီး ဒေါက်တာတိုးလှ လက်ဆောင်ပေးလို့ အပိုင်း(၄)အထိသာ ရရှိခဲ့ပါတယ်။ ယနေ့ အဆင့်မြင့်ပညာရေးမှာ မြန်မာစာအဓိကယူတဲ့ ကျောင်းသားဟာ ရှားပါးပစ္စည်း ဖြစ်သွားပြီး၊ ဒါကို တိုင်းပြည်တိုးတက်လာတာလို့ ယူဆခြင်းမပြုရင် အဖြေရှာကုစားသင့်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းအကြောင်းထဲမှာ ဒီအချက်လည်း ပါပါတယ်။


ယခုတင်ပြတဲ့ အဘိဓာန်ဟာ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာ-အင်္ဂလိပ် အဘိဓာန်လို ဝေါဟာရအဘိဓာန် မဟုတ်ဘဲ အသုံးပြု အဘိဓာန်ဖြစ်ပါတယ်။ ဤအဘိဓာန်ကို ပြုစုရာမှာ ရည်ညွှန်းကိုးကားတဲ့ ပါဠိစာပေ၊ မြန်မာစာပေ၊ အရပ်ပြဇာတ်ပါမကျန်တဲ့ စာရင်းကို အပိုင်း (၁)မှ (၃)အထိ ဖော်ပြထားချက်အရ (၅၅၃)အုပ်ရှိပြီး ရှားပါးစာအုပ်များ ဖြစ်ကြောင်း အံ့ဩဖွယ်ရာစွာ တွေ့ရပါတယ်။ မြန်မာစာပေ လေ့လာလိုက်စားသူများအတွက် ခိုင်ခိုင်မာမာကိုးကားနိုင်တဲ့ ကျမ်းကြီး ကျမ်းခိုင် ဖြစ်နေပါတယ်။ ပြည့်စုံပြီးမြောက်သွားခြင်းမရှိလို့ ပြန်မထုတ်ဘူးဆိုရင် ပညာရှင်တွေက ဘာကြောင့် အပိုင်းလိုက်ထုတ်ဝေသွားသလဲဆိုတာ စဉ်းစားတတ်ဖို့လိုပါတယ်။

ဒီလိုအဘိဓာန်ပြုစုဖို့ဆိုတာ အလွန်ခက်ခဲကြီးမားတဲ့ လုပ်ငန်းဖြစ်ပြီး ကာလရှည်ကြိုးပမ်း ရစမြဲဖြစ်တဲ့အတွက် မပြီးဆုံးဘဲ ရပ်တန့်သွားခဲ့ရင်တောင် ပြီးသမျှနဲ့ နောင်လာနောက်သားတွေကို အကြိုးပြုနိုင်ဖို့ ဖြစ်ပါတယ်။ ပညာ လိုလားသူတွေအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ဖြစ်ပါတယ်။ စာစီဖို့ခက်တယ်ဆိုရအောင်လည်း ယနေ့ခေတ်မှာ Computer Scan ဖတ်ပြီး လွယ်လွယ် လုပ်နိုင်ပါတယ်။ Right of Intellectual Property ဆိုရအောင်လည်း နှစ်ပေါင်း (၅၀)ကျော်တဲ့ဟာ ကျော်နေပါပြီ။ School of Oriental and African Studies ကလည်း ယနေ့တိုင် ရှိနေတာမို့ ဆက်သွယ်ညှိနှိုင်းလို့ ရနိုင်ပါတယ်။ လက်လှမ်းမီပါသေးတယ်။ ကုန်ကြမ်းအဖြစ်သုံးခဲ့တဲ့ မြန်မာစာအုပ်တွေလည်း ပြန်တောင်းနိုင်ပါတယ်။ ဆရာကြီးဦးဝန် ရဲ့ တက္ကသိုလ်မြန်မာအဘိဓာန် ဟာလည်း အလားတူပါပဲ။ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာအဘိဓာန် ရှိသားပဲဆိုရင် ဆရာကြီးဦးဝန် နာမည် ပျောက်သွားပါလိမ့်မယ်။ ဤစာအုပ်များကို ပြန်လည်ထုတ်ဝေမှု ပြုခြင်းဟာ အတိတ်ကပညာရှင်ကြီးများကို အလေးထားဂုဏ်ပြုရာရောက်တဲ့အပြင် အနာဂတ်လူငယ် များရဲ့ ပညာရေးအတွက် စေတနာ ထားရှိရာ ရောက်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

မြန်မာ-အင်္ဂလိပ် အဘိဓာန်စာအုပ်ပုံ (ဟ)



BURMESE- ENGLISH DICTIONARY စာအုပ်ပုံ (ဟ-၁)


A
BURMESE-ENGLISH
DICTIONARY

PART II

Compiled under the direction of
J. A. STEWART, C.I.E., M.C., M.A., LL.D.

FROM MATERIAL SUPPLIED BY A LARGE
NUMBER OF CONTRIBUTORS

Revised and edited
by
C. W. DUNN, C.I.E., M.A.
and
HLA PE, Ph.D. (Lond.), M.A. (Rang.)

PUBLISHED UNDER THE AUSPICES OF THE
UNIVERSITY OF RANGOON
BY
LUZAC & COMPANY
LONDON

BURMESE- ENGLISH DICTIONARY စာအုပ်မှ စာမျက်နှာတစ်ရွက်၏ မြင်ကွင်းပုံ (ဟ-၂)


BURMESE-ENGLISH DICTIONARY

**ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) နှင့် အထက်တန်းကျောင်းများရှိသော ကျေးရွာများတွင် ဆရာ/ဆရာမ နေအိမ်များ နှင့် ကျောင်းသူ ကျောင်းသားများ နေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) နှင့် အထက်တန်းကျောင်းများရှိသော ကျေးရွာများတွင် ဆရာ/ဆရာမ နေအိမ်များနှင့် ကျောင်းသူ

ကျောင်းသားများ နေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခုထဲတွင် မိမိတို့ ချင်းပြည်နယ်သည် အဆင်းရဲဆုံးနှင့် ပညာရေးနယ်ပယ်တွင် အောက်ဆုံးအဆင့်၌ ရှိနေသော ပြည်နယ် တစ်ခုဖြစ်ပါတယ်။ နှစ်စဉ်၊ နှစ်တိုင်းလိုလို ဆယ်တန်းအောင်စာရင်း ရာခိုင်နှုန်းနည်းပါးလှသည်ကို လည်း ကြားသိရမှာ ဖြစ်ပါတယ်။ မိမိတို့ချင်းပြည်နယ်သည် ရွှေ့ပြောင်းတောင်ယာစနစ်ကို မိရိုးဖလာ အတိုင်း လုပ်ကိုင်ကြတဲ့ ဆင်းရဲပင်ပန်းစွာ အသက်မွေးဝမ်းကျောင်းပြုနေကြလျက်ရှိပါတယ်။ အထူး သဖြင့် ကျေးရွာနေချင်းပြည်သူများသည်မိမိတို့၏ သားသမီးများအား ကျောင်းမထားနိုင်သည်ပင် ရှိပါသည်။ တချို့သောမိသားစုများသည် မိမိတို့၏သားသမီးပညာရေးအတွက် ကျောင်းအနီးပတ်ဝန်းကျင်တွင် ဝါးအိမ် ကလေးများ ဆောက်လုပ်လျက် အကျပ်အတည်း နေထိုင်ခဲ့ရပါသည်။ ထို့အပြင် အခြားဒီအတိုင်း အိမ်ငှားရမ်းပြီး ကျောင်းသူ၊ ကျောင်းသားလေးငါးဦးခန့် စုပေါင်းနေထိုင်ကြရသည်လည်းရှိ ပါသည်။ ချင်းပြည်နယ်အတွင်းရှိ လူငယ်များသည်လည်း ပညာရေးကို အထူးပင်သင်ယူလိုသော ကလေးများပင် ဖြစ်ပါသည်။

နောက်ပြီး မိမိတို့ချင်းပြည်နယ်သည် ဝေးလံခေါင်ပါးသည့်အတွက် ပြည်မမှလာသော ဆရာ၊ ဆရာမများ၊ ချင်းပြည်နယ်အတွင်းရှိ မြို့ပေါ်မှလာသော ဆရာ၊ ဆရာမများသည် ဆင်းရဲလှသော ကျေးရွာများတွင် အမြဲတမ်းမနေလိုကြပါ။ ကျေးရွာများမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ဝါးအိမ်များ တွင်လည်း တချို့ဆရာ၊ ဆရာမများ မနေတတ်၊ မထိုင်တတ်သည်ကို လက်တွေ့ကျကျ သိရှိရပါတယ်။ ဆရာ၊ ဆရာမများနေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကို စနစ်တကျစီမံကိန်း ချလျက် ဆောက်လုပ်ပေးနိုင်မည်ဆိုပါက ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသများတွင် အမြဲတမ်းနေထိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုသည်ကတော့ ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်းများတွင်ရှိသော ကျေးရွာများတွင် ဆရာ၊ ဆရာမ နေအိမ်များနှင့် ကျောင်းသူ၊ ကျောင်းသားများနေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးနိုင်ခြင်းအစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ချင်းပြည်နယ်အတွင်း အထက်တန်း၊ အလယ်တန်းကျောင်းများတွင်ရှိသော ကိုယ်ထူကိုယ်ထ ကျောင်းသူ/ ကျောင်းသား အဆောင်များ မြင်ကွင်းပုံများ (ဠ)



ချင်းပြည်နယ်အတွင်း အထက်တန်း၊ အလယ်တန်းကျောင်းများတွင်ရှိသော ကိုယ်ထူကိုယ်ထ ကျောင်းသူ/ ကျောင်းသား အဆောင်များ မြင်ကွင်းပုံများ (ဠ-၁)



ချင်းပြည်နယ်အတွင်း အထက်တန်း၊ အလယ်တန်းကျောင်းများတွင်ရှိသော ကိုယ်ထူကိုယ်ထ ကျောင်းသူ/ ကျောင်းသား အဆောင်များ မြင်ကွင်းပုံများ (၄-၂)



**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း (ကာယသုခ) စိတ်၏ချမ်းသာခြင်း (စိတ္တသုခ) ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာပို့သ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး (၃၈)မြောက်နေ့မှာ မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်အောင်မြင့် ရဲ့ မေးခွန်းကို ရှေးဦးစွာ ဖြေကြားတင်ပြပါမယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ J.A Stewart၊ C.W Dunn၊ H.E .Searle A.J . Allott နှင့် ဒေါက်တာလှဖေတို့ ပြုစုခဲ့သော Burmese - English Dictionary သည် အပိုင်း(၆)ပိုင်း ရှိပြီး၊ စာမျက်နှာစုစုပေါင်း (၃၇၃)မျက်နှာ ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဒီ Dictionary မှာကြည့်မယ်ဆိုရင် တည်ပုဒ်အဖြစ် "အ" အက္ခရာတစ်လုံးတည်း အတိအကျတင်ပြရရင် "အ" ပုဒ်ကနေ "အံ့" ပုဒ်အထိသာ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။ ဒီအဆိုပါ Dictionary သည် တည်ပုဒ်အက္ခရာတစ်လုံးတည်းသာ ဆောင်ရွက်ပြီးစီးတဲ့အတွက် တည်ပုဒ်

အားလုံးပြီးစီးရန် များစွာလိုအပ်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ ဒီပြုစုခဲ့တဲ့သူများကတော့ တက္ကသိုလ်နှစ်ခုဖြစ်တဲ့ The University Of Rangoon နှင့် The School Of Oriental and African Studies; University Of London တို့မှ ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်သည့်အတွက် ပြန်လည် ပုံနှိပ်မည်ဆိုပါက မူပိုင်ခွင့်စသည်တို့မှာ ညှိနှိုင်းဖွယ်ရာကိစ္စများ များစွာလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ တည်ပုဒ်အားလုံး ပြီးစီးရန် လိုအပ်ချက် နောက်မူပိုင်ခွင့်နဲ့ ပတ်သက်လို့ ညှိနှိုင်းရန် လိုအပ်ချက်တို့ကြောင့် လောလောဆယ်ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အခြေအနေမပေးပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဆရာကြီးဦးဝန် (ဆရာကြီးမင်းသုဝဏ်)ပြုစုခဲ့သော တက္ကသိုလ်မြန်မာ အဘိဓာန် အပိုင်း(၁)မှ (၅)"က" အက္ခရာပုဒ်မ "ဆ" အက္ခရာပုဒ်အထိကို ရပ်ဆိုင်းထားခြင်းနဲ့ စပ်လျဉ်းလို့ ဒီအဘိဓာန်ပြုစုခြင်းကို ရပ်ဆိုင်းထားခြင်း မရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၄၄ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်လက်ထက် သိမ်းပိုက်ထားစဥ်အတွင်း အဓိပတိ ဒေါက်တာ ဘမော် ဦးဆောင်သော နိုင်ငံတော်အစိုးရအကူအညီဖြင့် ဖွဲ့စည်းထူထောင်ခဲ့သည့် မြန်မာနိုင်ငံတော် ပညာ့တံခွန်အသင်းသည် ပါမောက္ခဆရာကြီး ဦဖေမောင်တင်အား အဘိဓာန်ဌာနရဲ့ သဘာပတိအဖြစ် ခန့်ထားပြီး မြန်မာအဘိဓာန် ဆက်လက်ပြုစုခဲ့ပါတယ်။ ရှေးဦးစွာ ကျောင်းသုံးအဘိဓာန်ငယ်ကို ပြုစုရာမှာ အက္ခရာ "က" ကနေ အက္ခရာ "ဝ" အထိ မူကြမ်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ဒုတိယကမ္ဘာစစ် အန္တရာယ် ကျရောက်လာတဲ့အတွက် အဘိဓာန်ပြုစုရေး လုပ်ငန်း ခေတ္တရပ်နားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ် ကြီးပြီးဆုံးတဲ့အခါမှာ ဒီအဘိဓာန်လုပ်ငန်းကို ရန်ကုန် တက္ကသိုလ်ကနေ လွှဲပြောင်းယူကာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ဆရာကြီးဦးဝန် (မင်းသုဝဏ်)အား ဘာသာပြန်တဲ့ စာအုပ်ထုတ်ဝေရေးဌာနတွင် စာတည်းမှူးအဖြစ် ခန့်အပ်ပြီး မြန်မာအဘိဓာန် ပြုစုရန် ဆက်လက်တာဝန်ပေးအပ်ခဲ့ပါတယ်။ ဆရာကြီးက တက္ကသိုလ် မြန်မာအဘိဓာန်ကို ၁၉၄၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အဘိဓာန်ပြုစုရာမှာပါမောက⊞ခ ဆရာကြီး ဒေါက်တာဘဟန်၊ ပါမောက္ခဆရာကြီး ဦးဖေမောင်တင် အစရှိတဲ့ ပုဂ္ဂိုလ်ကြီးများပါဝင်တဲ့ အကြံပေးအဖွဲ့ကိုလည်း ရန်ကုန်တက္ကသိုလ်က ဖွဲ့စည်းပေးခဲ့ပါတယ်။ ၁၉၆၄ တွင် အပိုင်း(၅) "ဆ" အက္ခရာအထိ ပုံနှိပ်ထုတ်ဝေပြီးသောအခါ ဒီအဘိဓာန်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ဖို့ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ရေးကော်မရှင်၊ ယခုမြန်မာစာအဖွဲ့က ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မြန်မာဘာသာစကားနှင့် စာပေတို့အတွက် လိုအပ်နေသော မြန်မာအဘိဓာန်၊ မြန်မာသဒ္ဒါ အစရှိတဲ့ ကျမ်းကြီးများကို ပြုစုထုတ်ဝေရန် မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်ကို ၁၉၆၃ ခုနှစ်တည်းက တော်လှန်ရေးကောင်စီ လက်ထက်မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မရှင်ရဲ့ အဘိဓာန်နဲ့ ရေးထုံးကော်မတီက မြန်မာအဘိဓာန် ပြုစုရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ ပါတယ်။ ၁၉၇၁ ခုနှစ်မှာ ယင်းကော်မရှင်ကို မြန်မာစာကော်မရှင်လို့ အမည်ပြောင်းခဲ့ပြီး ရန်ကုန် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ အဘိဓာန်ပြုစုရေးလုပ်ငန်းကို လွှဲပြောင်းရယူ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၇၅ ခုနှစ်တွင် မြန်မာစာကော်မရှင်ကို မြန်မာစာ အဖွဲ့ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် ဆရာကြီး မင်းသုဝဏ် ပြုစုခဲ့သော တက္ကသိုလ် မြန်မာအဘိဓာန်

အက္ခရာ “က”မှ အက္ခရာ “ဆ” အထိကို အခြေခံကာ လိုအပ်သည်များကို ဆက်လက်ဖြည့်စွက် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ပြီး "က" အက္ခရာမှ အက္ခရာအဆုံး "အ" အက္ခရာအထိ ပါဝင်သော မြန်မာအဘိဓာန် အကျဉ်းချုပ် စုစုပေါင်း (၅)တွဲကို ၁၉၇၈ မှ ၁၉၈၀ အတွင်း ထုတ်ဝေခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီအဘိဓာန်ဟာ အက္ခရာ “က” မှ အက္ခရာ “အ”အထိ အက္ခရာအားလုံးပြည့်စုံသည့် ပထမဦးဆုံးသော မြန်မာအဘိဓာန် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ခရီးဆောင်မြန်မာ အဘိဓာန်ကိုလည်း ၁၉၉၉ ခုနှစ်မှာ ပြုစုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာစာ အဖွဲ့သည် ယခုအချိန်မှာ ဒီအဘိဓာန်များထက် ပိုမိုကျယ်ပြန့် ခေတ်မီတဲ့ မြန်မာအဘိဓာန်ကြီး တစ်ခုကိုလည်း ဆက်လက်ပြုစုဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ မြန်မာစာအဖွဲ့သည် မြန်မာအဘိဓာန် အကျဉ်းချုပ်(၅)တွဲကို ထုတ်ဝေပြီးနောက် တစ်အုပ်တည်းတွင် အက္ခရာ “က” မှ အက္ခရာ “အ”အထိ အက္ခရာ အားလုံးပါဝင်တဲ့ မြန်မာအဘိဓာန်ကို ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပါတယ်။ နောက် ၎င်းကို ၂၀၀၈ ခုနှစ်အတွင်း ဒုတိယအကြိမ် ပြန်လည်တည်းဖြတ် ပုံနှိပ်ပြီး တည်ပုဒ်ပေါင်း (၁၈၀၀၀)ကျော် ပါဝင်သော အဘိဓာန်ကို ဆက်လက်ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဘာသာစကားဆိုင်ရာ ဝေါဟာရများသာမက ပညာရပ်ဆိုင်ရာ အခြားဝေါဟာရများကိုလည်း အထိုက်အလျောက် ဖြည့်စွက် ထည့်သွင်းပေးထားပါတယ်။ ထိုအဘိဓာန်စာအုပ်သည် အနက်အဓိပ္ပာယ်နှင့် စာလုံးပေါင်းသတ်ပုံ စသည်တို့ကို အလွယ်တကူ ကိုးကားနိုင်သည့် လက်စွဲမြန်မာအဘိဓာန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ၁၉၆၄ ခုနှစ်တွင် အပိုင်း(၅)အက္ခရာ “ဆ” အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးသော တက္ကသိုလ်မြန်မာအဘိဓာန်ကို ပြန်လည်ထုတ်ဝေရန်မှာ ထိုအဘိဓာန်ကို အခြေခံကာ မြန်မာစာအဖွဲ့က လိုအပ်သည်များကို ပြည့်စုံစွာ ဖြည့်စွက်ပြင်ဆင်၍ “က” အက္ခရာမှ အက္ခရာ “အ” အထိ ပါဝင်သော မြန်မာအဘိဓာန်များကို ဆက်လက်ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် ထိုအဘိဓာန်ကိုလည်း ပြန်လည်ထုတ်ဝေရန် အခြေအနေမပေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ချင်းပြည်နယ် အမှတ် (၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ရှင်းလင်းတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ချင်းပြည်နယ်အတွင်း ဝေးလံ၍ သွားလာရေး ခက်သော နယ်စပ်ဒေသကျေးရွာများရှိ တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအတွက် ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ပေးရန် မေးမြန်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ တွန်းဇံမြို့နယ်၊ ဟိုင်ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဖလမ်းမြို့နယ် ရိခေါဒါရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ မတူပီမြို့နယ် လိုင်လဲင်းပီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ပလက်ဝကျေးရွာ ၊ ဆမီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် အလျားပေ(၉၀)၊ အနံပေ(၃၀)နှင့် မျက်နှာကျက် အမြင့်ပေ(၁၀)ပေ၊ သွပ်မိုးအုတ်ညှပ်(၁)ထပ်၊ (၆)ခန်းတွဲ (၁)ဆောင်စီ ဆောက်လုပ်ပေးရန်အတွက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး ငွေလုံး၊ ငွေရင်းခေါင်းစဉ်အောက်တွင် ထည့်သွင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ၊ ဆောက်လုပ်ရန်အတွက် အခြေခံပညာအထက်တန်းကျောင်း စုစုပေါင်း (၃၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စုစုပေါင်း (၄၂)ကျောင်းတို့တွင် အလျားပေ(၉၀)၊ အနံပေ(၃၀) သွပ်မိုး၊ အုတ်ညှပ်၊ (၁)ထပ်၊ (၆)ခန်းတွဲ (၁)ဆောင်စီကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း စုစုပေါင်း ကျောင်းပေါင်း(၃၀)နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စုစုပေါင်း (၁၆၂)ကျောင်းတို့မှာ အလျားပေ(၆၀)၊ အနံပေ(၃၀) သွပ်မိုး၊ အုတ်ညှပ်၊ (၁)ထပ်၊ (၄)ခန်းတွဲ (၁)ဆောင်စီကိုလည်းကောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁၂၃)ကျောင်းတို့တွင် အလျားပေ(၃၀)၊ အနံပေ(၃၀) သွပ်မိုး၊ ပျဉ်ခင်း၊ (၁)ထပ်၊ (၂)ခန်းတွဲ (၁)ဆောင်စီကိုလည်းကောင်း ဆောက်လုပ်ပေးရန် ချင်းပြည်နယ်ပညာရေးမှူးရုံးက ၂၃-၈-၂၀၁၆ ရက်နေ့တွင် စာအမှတ် ဌာနစု(၂-က)/၁၀၀၇/၃၃၆၃/ဝန်ထမ်းအိမ်ရာဖြင့် ချင်းပြည်နယ်အစိုးရသို့ တင်ပြထားပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိပါက ဘဏ္ဍာရေးနှစ်များအတွင်း ရန်ပုံငွေများ တင်ပြခွဲဝေဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အလျဉ်းသင့်လို့ တင်ပြရရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးလုပ်ငန်းများဆောင်ရွက်ရာမှာ စာသင်ကျောင်းများရဲ့ ဥပဓိရုပ်ကောင်းမွန်ရေး၊ နောက် ဒီစာသင်ကျောင်းများရဲ့ နေရာထိုင်ခင်း သင့်တင့်မျှတစွာ ပြည့်စုံရေးကို ဦးစားပေးဆောင်ရွက်ရပါတယ်။ ဆက်လက်ပြီးမှ အထူးလိုအပ်လျက်ရှိတဲ့ ပြည်နယ်များမှာ ဆရာများ၏ နေထိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကို ဆက်လက်ဆောင်ရွက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စာသင်ခန်းတစ်ခန်း ပေ(၄၀ x ၃၀)ဆိုရင် ပျမ်းမျှကျောင်းသားဦးရေ(၄၀)မှ (၅၀)အတွင်း ပညာသင်ဖို့ အခွင့်အလမ်းရှိပါတယ်။ သို့သော် ဒီပမာဏနဲ့ ဝန်ထမ်းအိမ်ရာဆောက်မယ်ဆိုရင် ဆရာမိသားစုတစ်ဦးသာ မျှတနေထိုင်နိုင်တဲ့ အနေအထားရှိပါတယ်။

သို့ပါ၍ ဒီပညာသင်ကြားမှုအတွက် ရန်ပုံငွေခွဲဝေရာမှာ သင်ကြားရေးအတွက် အဓိကလိုအပ်ချက်ကို ဦးစွာဖြည့်ဆည်းပြီး ဒါနဲ့ အချိုးညီစွာ ဆရာများရဲ့ နေဖို့ထိုင်ဖို့ ဝန်ထမ်းအိမ်ရာကို ဆက်လက်ဆောင်ရွက်ရပါတယ်။ ကျောင်းသားတွေအတွက်ကတော့ ဘဏ္ဍာရေးအခြေအနေပေးရင် ပေးသလို ဆောင်ရွက်ဖို့တော့ အစီအစဉ် ရှိပါတယ်။ သို့သော် ချင်းပြည်နယ်အတွင်း ဒီဝေးလံ၍ သွားလာရေးခက်ခဲသော နယ်စပ်ဒေသရှိ အခြေခံကျောင်းများအတွက် သင်ကြားရေးနှင့် ဆရာဝန်ထမ်းများကို အရင်ဦးစားပေး ဆောင်ရွက်နေပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် ဘော်ဒါဆောင်များကိုတော့ ဘဏ္ဍာရေး အခြေအနေပေးမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၆) ရက်မြောက် ၃ - ၆ -၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည် ပေးပို့လာသော ပြင်ဆင်ချက်ကို ယနေ့ လွှတ်တော်ကိုယ်စားလှယ် သုံးဦး ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြန်လည်ပေးပို့လာတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပုဒ်မတစ်ခုချင်းစီအလိုက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power point အသုံးပြုခွင့် ပေးပါရန် ဥက္ကဋ္ဌကြီးထံမှ ခွင့်တောင်းပါတယ်။ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)မှာ အိမ်ထောင်စု ကိုယ်စားလှယ်ဆိုသည်မှာ စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနဲ့ အုပ်ချုပ်ရေးမှူးရွေးချယ်တဲ့ ပုဒ်မတွေဖြစ်တဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)၊ (င)နှင့် (ဆ) တို့မှာ အိမ်ထောင်ဦးစီးသို့မဟုတ် အသက်(၁၈)နှစ် ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်လို့ အဓိပ္ပာယ်ပြည့်ပြည့်စုံစုံ ပါဝင်ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ရဲ့ ပုဒ်မ ၇ (ခ) မှာလည်းပဲ ထိုနည်းလည်းကောင်း အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ် ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်ဆိုပြီး ပါဝင်ပါတယ်။ ဒီလို ပါဝင်ပြီးသားတွေ ဖြစ်တဲ့အတွက်ကြောင့် ဒီပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ဟာ မလိုအပ်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥစ္စာကို ပယ်ဖျက်သင့်ပါတယ်။ အမျိုးသားလွှတ်တော်က အခန်း(၃) ခေါင်းစဉ် ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည် အရည်အချင်းများလို့ မူလဥပဒေအတိုင်းပဲ အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ အုပ်ချုပ်ရေးမှူးအပြင်

ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့ကိုပါ ခေါင်းစဉ်ကို ဖြည့်စွက်ထားပါတယ်။ ဒီခေါင်းစဉ်ဟာ ပုဒ်မ(၅)ရဲ့ ခေါင်းစဉ်လည်းပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အတည်ပြုချက်ဖြစ်တဲ့ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဃ)မှာ ဆယ်အိမ်မှူး အမည်စာရင်း ပြုစုရာမှာ ပုဒ်မ(၅)ပါ အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရမည်လို့ ပါဝင်ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပုဒ်မ ၇၊ (ခ)မှာလည်းပဲ ပုဒ်မ(၅)ပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမယ်လို့ ပါဝင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခန်း(၃)ခေါင်းစဉ်ဟာ အမျိုးသားလွှတ်တော် ရဲ့ အတည်ပြုချက် အတိုင်းသာလျှင် ထားသင့်ပါတယ်။

ဆက်လက်ပြီး တင်ပြသွားပါမယ်။ မူလဥပဒေဖြစ်တဲ့ ပုဒ်မ(၅)၊ ပုဒ်မခွဲ (ဂ) သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပြီး ပြည်သူ့လွှတ်တော် ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းလို့ အတည်ပြုထားပါတယ်။ ကျွန်တော်တို့ ရပ်ရွာမှာရှိတဲ့ ပြည်သူ တွေဟာ မိမိတို့ရဲ့ အုပ်ချုပ်ရေးမှူးကို ထက်မြက်ပြီးတော့ ပညာတတ်ဖြစ်သူကိုလိုလားတာလည်း ဖြစ်တဲ့အတွက် ဒီပညာအရည်အချင်းသတ်မှတ်ချက်ဟာ ပြည်သူကရွေးချယ်ရမှာ ဖြစ်ပါတယ်။ ဥပဒေက သတ်မှတ်ပေးစရာ မလိုပါဘူး။ ဒ့ါအပြင် ပညာအရည်အချင်းနှင့် အခြားအချက်အလက်တွေကို ပြည်သူက ချင့်ချိန်ပြီးတော့ မိမိတို့ရဲ့ အုပ်ချုပ်ရေးမှူးကို ရွေးချယ်သွားမှာလည်းဖြစ်ပါတယ်။

ဒါကြောင့် ဒီပုဒ်မခွဲ(ဂ)ကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ပုဒ်မ ၅ ပုဒ်မခွဲ(င)မှာ အမျိုးသား လွှတ်တော်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး(၅)နှစ် နေထိုင်သူစသည်ဖြင့် အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော် ကတော့ ဤဥပဒေပုဒ်မခွဲ(င)အောက်မှာ ခြွင်းချက်ထပ်မံဖြည့်စွက်ထားပါတယ်။ ဒီဖြည့်စွက်မှုဟာ အငြိမ်းစားဝန်ထမ်းနဲ့ အငြိမ်းစားမဟုတ်တဲ့ သာမန်အရပ်သားတို့ကြား အခွင့်အရေးတွေ ခွဲခြားထားမှု ဖြစ်စေပါတယ်။ ဒါကြောင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(င)ပါ ခြွင်းချက်ကိုလည်း ပယ်ဖျက်သင့်ပါတယ်။ ပုဒ်မ ၇ ပုဒ်မခွဲ(က)မှာ အမျိုးသားလွှတ်တော်က ဒီအောက်ဆုံးအပိုဒ်မှာ အမည်းရောင် Bold Line နဲ့ ပြထားပါတယ်။ ဖွဲ့စည်းရမယ်လို့ အတည်ပြုထားပြီး ပြည်သူ့လွှတ်တော်ကတော့ စုစည်းရမယ်လို့ အတည်ပြု ထားပါတယ်။ ဒီစုစည်းရမယ်ဆိုတဲ့ အသုံးအနှုန်းဟာ လေးနက်မှုလည်း မရှိပါဘူး။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာလျှင် ထားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုဒ်မ ၇ ပါ ပုဒ်မခွဲတွေမှာ လွှတ်တော်နှစ်ရပ်စလုံးရဲ့ အတည်ပြုချက်တွေ အရ ဆိုလိုရင်းတွေ တူနေပေမယ့်လည်း အနည်းငယ်ကွဲပြားမှုတွေရှိပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၂)မှာ ပါတဲ့အချက်ဟာ ပြည်သူ့လွှတ်တော် အတည်ပြုတဲ့အချက်ထဲမှာ မပါဝင်ပါဘူး။ အခုပြဋ္ဌာန်းမယ့် ဥပဒေအရကို အုပ်ချုပ်ရေးမှူး ရွေးချယ် ရာမှာ ဒီမိုကရေစီစနစ်နဲ့အညီ ရွေးကောက်ပွဲအငယ်စားသဖွယ် ဖြစ်လာပါမယ်။ ဒီရပ်ရွာကျေးရွာမှာ ရှိတဲ့လူဦးရေ၊ အိမ်ထောင်စုအနည်းအများအလိုက်လည်း နေရာဒေသအလိုက် ဥပဒေကို ကျွန်တော်တို့ အကောင်အထည်ဖော်တဲ့နေရာမှာလည်း အောင်မြင်မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီအုပ်ချုပ်ရေးမှူးလောင်းများဟာ ရာအိမ်မှူးများမှ ဖြစ်လာတဲ့အတွက်ကြောင့် ဒီအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ဖို့ ဆန္ဒမရှိသူများလည်း ပါဝင်မှာ ဖြစ်ပါတယ်။ အိမ်ထောင်စုများတဲ့အုပ်စုတွေမှာ

ဆိုရင် အုပ်ချုပ်ရေးမှူးလောင်းတွေ များလာမှာ ဖြစ်တဲ့အတွက် ဒီ ရွေးချယ်ရမယ့် ပြည်သူမှာ အခက်အခဲတွေ ရှိနိုင်ပါတယ်။

ဥပမာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ သိမ်ဇရပ်အုပ်စု၊ အိမ်ထောင်စု(၄၂၈၇)၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာအုပ်စု၊ အိမ်ထောင်စု (၃၄၂၇)စတဲ့ နေရာတွေမှာ ပြည်သူ့လွှတ်တော် ရဲ့ အတည်ပြုချက်အတိုင်းသာ ထားမယ်ဆိုရင် အုပ်ချုပ်ရေးမှူးလောင်းတွေ များလာနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်သာ ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီးတော့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ)၊ (ဈ)နဲ့ (ည)တို့ဟာ ဒီ အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၇၊ ရှေ့မှာရှိတဲ့ ပုဒ်မခွဲတွေအရ ဆက်စပ်လာတာဖြစ်တဲ့အတွက် ဒီအတိုင်းထားမှသာလျှင် ပြည့်စုံပါမယ်။ ဒီ Power Point မှာ မပါပါဘူး။ ထိုနည်းတူစွာ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၈ ကိုလည်း ပုဒ်မ ၇ နဲ့ ဆက်စပ်လာတာဖြစ်တဲ့အတွက် ဒီ အတိုင်းထားမှသာ ပြည့်စုံမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အရ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(စ)မှာ အခြားနဲ့ တာဝန်ယူ၊ တာဝန်ခံဆိုတဲ့ စကားရပ်တွေကို ဖြည့်စွက်ထားပါတယ်။ ဒီ အခြားဆိုတဲ့ စကားရပ် ဖြည့်စွက်မှုဟာ ဆီလျော်မှုရှိပေမယ့် တာဝန်ယူ၊ တာဝန်ခံစကားရပ်နဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးမှူးလိုမျိုး ခေါင်းဆောင်တွေ၊ အကြီးအကဲတွေမှာ ဒီ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမယ့် ကိစ္စကတော့ ဖော်ပြရေးသားစရာပင် မလိုတဲ့ဝတ္တရားတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း ပြည်သူတွေအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိကိုရှိရမှာပါ။ ဒါအတွက်ကြောင့် ဒီ တာဝန်ယူ၊ တာဝန်ခံဆိုတဲ့ စကားရပ်ကိုလည်း ပယ်ဖျက်သင့်ပါတယ်။

ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဃ)မှာ လွှတ်တော်နှစ်ရပ်ရဲ့ အတည်ပြုချက်၊ ကွဲပြားချက်တွေ ရှိပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ စစ်ဆေးရန် လိုအပ်သော နေအိမ်ဥပစာနဲ့ နေရာများ ဆိုတဲ့ နေရာမှာ ဒီအမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ စစ်ဆေးရန်လိုအပ်သော နေရာများ စကားရပ်နဲ့ပဲ လုံလောက်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာပါတဲ့ အဖွဲ့ဖြင့် စနစ်တကျ စကားရပ် ထပ်မံဖြည့်စွက်ထားပါတယ်။ ဒီစကားရပ် ဖြည့်စွက်ခြင်းဟာ အတိတ်ကာလက ဒီအုပ်ချုပ်ရေးမှူးတွေဟာ မလျော်ဩဇာသုံးပြီး အရပ်သားတွေကို ပြုမူဆောင်ရွက်ခဲ့တဲ့အတွက် ယခင်ကလို မဖြစ်ရအောင် ဤစကားရပ်ကို ဖြည့်စွက်တယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ အခုပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းမှာ ပြည်သူကိုယ်တိုင်ရွေးချယ်တဲ့ အချက်တွေ ပါဝင်လာမှာဖြစ်တဲ့အတွက် ပြည်သူ့ကိုယ်စားပြုမယ့် အုပ်ချုပ်ရေးမှူးတွေ ဖြစ်လာမှာဖြစ်လို့ ဒီ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ လုံလောက်ပါတယ်။ နောက်ပြီးတော့ ဒီလိုအသေးစိတ် အချက်အလက်တွေကိုတော့ နည်းဥပဒေမှာသာ ထည့်သွင်းသင့်ပါကြောင်း အကြံပြုပါတယ်။

ပုဒ်မ ၁၇ ကို အမျိုးသားလွှတ်တော်က အဆိုပြုပြင်ဆင်ချက်အတိုင်း ပယ်ဖျက်ထားပေမယ့် ပြည်သူ့လွှတ်တော်ကတော့ အစားထိုးဖြည့်စွက်ထားပါတယ်။ တစ်လနှင့်အထက် ကျော်လွန်၍ လာရောက်တည်းခို နေထိုင်သူများရှိပါက လူမှုအထောက်အကူပြုနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနဲ့အညီ အသိပေးအကြောင်းကြားရမယ်လို့ ဆိုထားပါတယ်။ ဒါဟာရပ်ရွာအတွက် စိုးရိမ်သလိုလို၊ အကူအညီ ပေးချင်သလိုလို အဓိပ္ပာယ်မျိုး ဖြစ်နေပါတယ်။ ဒီမိုကရေစီခေတ်မှာ ပြည်သူတွေက မိမိကိုယ်ကို တာဝန်ယူမှုလည်း ရှိရမှာပါ။ လူမှုအဖွဲ့အစည်းတွေ၊ ဒီ NGO အဖွဲ့အစည်းတွေဟာလည်း သက်ဆိုင်ရာ

ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာလည်း ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီ ဥပဒေဟာ ပြစ်ဒဏ်ပုဒ်မထဲမှာ မပါဝင်ပေမယ့် ပြည်သူတွေအနေနဲ့ ရိုးရိုးသားသားနဲ့ အသိပေးအကြောင်းမကြားမိရင်တောင် ဥပဒေနဲ့ ဆန့်ကျင်သလိုမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် ဒီဥပဒေကို ပယ်ဖျက်သင့်ပါတယ်။

အခန်း(၁၀)ခေါင်းစဉ်ကို ပြည်သူ့လွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းလို့ အတည်ပြုထားပါတယ်။ ဒီ အခန်း(၁၀)ခေါင်းစဉ်၊ သူ့အောက်က ပုဒ်မ ၂၄ ကိုလည်း ပြည်သူ့လွှတ်တော်ကတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားပါတယ်။ ဒီ အခန်း(၁၀) ခေါင်းစဉ်၊ ပုဒ်မ ၂၄ နဲ့ သူ့အောက်က ပုဒ်မခွဲတွေက ဆင့်ကဲဆိုလိုရင်းတွေ ပါဝင်မှုတွေကို ဖော်ပြထားတာ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားမှသာလျှင် စာအပိုဒ်စီပုံနဲ့ ဥပဒေရဲ့ အဓိပ္ပာယ်တို့ဟာ ညီညွတ်မှန်ကန်မှာ ဖြစ်ပါကြောင်း လေးစားစွာနဲ့ အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ တတိယအကြိမ် ပြင်ဆင်ချက် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ချက်နဲ့ ပေးပို့လာတဲ့အပေါ်မှာ ဆွေးနွေးတင်ပြလိုပါတယ်။ ပထမဦးဆုံး ဆွေးနွေးချင်တဲ့ဟာကတော့ ကျွန်တော်တို့ စောစောက ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပါတယ်။ အုပ်ချုပ်ရေးမှူးလောင်းတွေရဲ့ ပညာအရည်အချင်းမှာ ပညာအရည်အချင်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေပြီးတော့ အဲဒီသတ်မှတ်ချက်ကို ပယ်ဖျက်ခဲ့ပေမယ့် ပြည်သူ့လွှတ်တော်ကနေပြီးတော့ ဒီအတိုင်းပဲ ပြန်အတည်ပြုထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးခဲ့ကြတဲ့အတိုင်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လက်ရှိ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ ပညာအရည်အချင်းကို ကျွန်တော်တို့ ဆင်ခြင်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုရင် အဲဒီလို ကန့်သတ်ဖို့အတွက် အခက်အခဲအများကြီး ရှိပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ရပ်ကွက်၊ ကိုယ့်ဒေသအလိုက် ကိုယ့်ရဲ့ပြည်သူတွေရဲ့ ကိုယ်တိုင်ကနေပြီးတော့ ရွေးချယ်လိုက်တဲ့အခါမှာ အဲဒီ ပြည်သူတွေရဲ့ အသိတရားထဲမှာလည်း ဘယ်လိုလူမျိုးဟာ ဘယ်လိုအရည်အချင်းရှိတယ်ဆိုတာ သိပြီးဖြစ်တဲ့အတွက် ဒီလိုပြဋ္ဌာန်းချက် ကန့်သတ်ချက်မျိုး မလိုအပ်ပါဘူး။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းချက်အတိုင်းပဲ ပြန်လည်အတည်ပြုသင့်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၇၊ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှာ (က) ကျွန်တော်တို့ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမယ်ဆိုပြီးတော့ (င) အဆိုပြုချက်အတိုင်းပြီးရင် ခြွင်းချက်အနေနဲ့ ဒေသခံအငြိမ်းစားဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည် ဆိုပြီးတော့

ပြင်ထားတာ တွေ့ပါတယ်။ လျှော့ပေါ့စဉ်းစားနိုင်တယ် ဆိုတာက ဘာအဓိပ္ပာယ်လဲ၊ ရှင်းပါတယ်။ (၆)လ အထိ လျှော့မှာလား၊ တစ်လလောက်ဆိုရင်ပဲ ဒီလိုလျှော့ပေါ့မှာလား။ တစ်နှစ်လောက်မှ လျှော့ပေါ့မှာလား။ ဒါသည် အဂတိလိုက်စားအောင်၊ ဘက်လိုက်အောင်၊ လိုရာဆွဲပြီးတော့ ကိုယ့်လူကိုယ်ခန့်လို့ရအောင် တည်ထားတဲ့ ပြဋ္ဌာန်းချက်မျိုးလို့ ပြောနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး လျှော့ပေါ့စဉ်းစားနိုင်မယ်လို့ ပြဋ္ဌာန်းမယ့်အစား တိတိကျကျ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်လို့ရှိရင် ကျွန်တော်တို့ ဒီဒေသကို ရောက်နေတာ အနည်းဆုံး(၃)နှစ် ရှိရမယ်စသည်ဖြင့် တိတိကျကျ တစ်ခုခုတော့ အချိန်ကန့်သတ်မှု ပြဋ္ဌာန်းဖို့လိုတယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၇ (က)မှာ ကြီးကြပ်ရေးအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ အဲဒီပြဋ္ဌာန်းချက်မှာ အမျိုးသားလွှတ်တော်က ဖွဲ့စည်းရမည်ဆိုပြီးတော့ ပြဋ္ဌာန်းတဲ့ဟာကို ပြည်သူ့ လွှတ်တော်က စုစည်းရမည်ဆိုတဲ့ စကားလုံး ပြောင်းထားပါတယ်။ ဖွဲ့စည်းတာနဲ့ စုစည်းတာသည် အဓိပ္ပာယ် မတူပါဘူး။ ဖွဲ့စည်းတယ်ဆိုတာ အဖွဲ့အစုတွေကို ဖွဲ့တဲ့ဟာပါ။ စုစည်းတယ် ဆိုတာကတော့ ကျွန်တော်တို့ လူတွေကိုစည်းရုံးပြီးတော့ စုပြီးတော့ စည်းဝေးတယ်။ စုစည်းတွေ့ဆုံတဲ့ သဘောမျိုး သက်ရောက်ပါတယ်။ အခုပြဋ္ဌာန်းချက်က ကျွန်တော်တို့ တစ်ဆက်တစ်စပ်တည်း အစဉ်လိုက် ဖြစ်သော ဆယ်အိမ်စု အစုအဖွဲ့တွေ၊ ရာအိမ်စု အစုအဖွဲ့တွေကို ဖွဲ့စည်းရမယ့်ကိစ္စဖြစ်တဲ့အတွက် ဖွဲ့စည်းဆိုတဲ့ စကားလုံးသာလျှင် ကျွန်တော်တို့ မှန်မှာဖြစ်တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ အဲဒီပုဒ်မမှာပဲ (ခ)မှာ ကျွန်တော်တို့ အိမ်ထောင်စုကိုယ်စားလှယ်တွေကို စုစည်းပြီးတော့ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနဲ့အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်။ အများဆန္ဒ ဆိုတာ ဘယ်ဆန္ဒလဲ။ အဲဒီမှာနေတဲ့ လူတွေအားလုံးရဲ့ဆန္ဒလား၊ ဒါမှမဟုတ် အိမ်ထောင်စုကိုယ်စားလှယ်တွေရဲ့ ဆန္ဒလား။ ရှင်းရှင်းလင်းလင်း ဘယ်အများဆန္ဒလဲဆိုတာကို ရှင်းလင်းသဲကွဲအောင်၊ သဘောက ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ပြည့်စုံသူတစ်ဦးကို နေထိုင်သူများရဲ့ အများဆန္ဒ၊ ဒါမှမဟုတ် အိမ်ထောင်စု ကိုယ်စားလှယ်များရဲ့ အများဆန္ဒလို့ ရှင်းလင်းပြတ်သားတဲ့ ဖြည့်စွက်မှုလုပ်ဖို့လိုပါတယ်လို့ တင်ပြ လိုပါတယ်။

နောက်တစ်ခုကတော့ အဲဒီပုဒ်မရဲ့ (ဂ)မှာပါ။ ကျွန်တော်တို့ ရာအိမ်စုအသီးသီးအတွင်း ပြည်သူ့လွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်ကိုပဲ ကျွန်တော်က ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံထားရသော ဖြစ်ရမှာ၊ ခံရသောဆိုတဲ့နေရာမှာ ဖြစ်နေပါတယ်။ နောက်တစ်ခါ ဆယ်အိမ်စုမှူး များအနက်မှ ရာအိမ်မှူးတစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စုအတွင်းရှိ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနဲ့အညီ ရွေးချယ်ရမယ်လို့ ဆိုတဲ့နေရာမှာ စောစောက အိမ်ထောင်စုကိုယ်စားလှယ်ဆို လုံလောက်ပါတယ်။ ရှေ့မှာအဓိပ္ပာယ်ဖွင့်ဆိုချက် ဖွင့်ပြီး ဖြစ်တဲ့အတွက် အိမ်ထောင်စုကိုယ်စားလှယ်ဆိုတာ အိမ်ထောင်ဦးစီးလည်း ဖြစ်ရင်ဖြစ်မယ်။ (၁၈)နှစ် ပြည့်ပြီးတဲ့ အိမ်ထောင်စုရဲ့ ကိုယ်စားလှယ်လည်း ဖြစ်မယ်ဆိုတာ ပါပြီးဖြစ်တဲ့အတွက် ဒီလိုကြီး ထပ်ရေးစရာ မလိုတော့ဘူး။ ဒါကြောင့်မို့လို့ ဒီလိုမျိုးအစား စောစောက အိမ်ထောင်စုကိုယ်စားလှယ်များက ဆိုပြီးတော့ ပြင်ဆင်သင့်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ (င)ပါ။ အဲဒီပြဋ္ဌာန်းချက်၊ အဲဒီပုဒ်မရဲ့ (င)ပါ။ အဲဒီမှာ ကျွန်တော်တို့ ရွေးချယ်ခံထားရတဲ့ ရာအိမ်မှူး စောစောတုန်းကလည်း ကိုယ်စားလှယ်ကြီး ဆွေးနွေးပြီးသွားပါပြီ။ ကိုယ်စားလှယ်တွေ အများကြီးထဲကနေပြီးတော့ အဲဒီလူတွေထဲကနေပြီးတော့ အုပ်ချုပ်ရေးမှူးလောင်းကို ရွေးရမယ်ဆိုတဲ့အစား ဆန္ဒရှိသူများအား ဆိုတဲ့ဟာမျိုး ဆန္ဒရှိသူဆိုတဲ့အပိုဒ်ကို စာသားကို ထည့်သွင်းပြီးတော့ ဆန္ဒရှိသူများထဲကပဲရွေးဖို့ ကျွန်တော်တို့ ရှင်းလင်းပြတ်သားတဲ့ ပြဋ္ဌာန်းချက်မျိုး ပြဋ္ဌာန်းဖို့ လိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပုဒ်မ ၁၆(ဂ)ပါ။ တာဝန်မှ ယာယီရပ်ဆိုင်းခံရတဲ့ ကိစ္စမှာ ကျွန်တော်တို့ အစားထိုးမယ့်ကိစ္စမှာ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အထဲမှာ တာဝန်ကို အဲဒီလို အစားထိုးမယ့် တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် သင့်လျော်တဲ့သူကို တာဝန်ပေးရမယ်ဆိုပြီးတော့ အဲဒီလိုပြဋ္ဌာန်းထားပါတယ်။ ဒါဟာ မြို့နယ်အုပ်ချုပ်ရေးမှူးကနေ သူနဲ့ အလျဉ်းသင့်တဲ့သူကို ဘက်လိုက်အောင် အကြံအဖန်လုပ်နိုင်တဲ့ လုပ်အောင်၊ ကျွန်တော်တို့ အုပ်စု အနေနဲ့ ဖွဲ့နိုင်အောင် အဲဒီလို အခွင့်အရေးပေးသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်စာသားကို အဲဒီမှာ ဖြည့်သွင်းပါတယ်။ ကျွန်တော်တို့ အဲဒီမှာ ရွေးချယ်စဉ်တုန်းက ဆန္ဒမဲ ဒုတိယအများဆုံးရရှိတဲ့ ရာအိမ်မှူးကို အဲဒီလိုမျိုး ယာယီအုပ်ချုပ်ရေးမှူး တာဝန်ပေးရမယ်လို့ ပြင်ဆင်သင့်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၁၇ ပါ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လ ထက်ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများ ရှိပါက လူမှုအထောက်အကူပြုရန် ကျွန်တော်တို့ သတ်မှတ်တဲ့ နည်းလမ်းများနဲ့အညီ အသိပေးရမယ်ဆိုတာ သတ်မှတ်တဲ့နည်းလမ်းဆိုတာ ငွေညစ်တဲ့ နည်းလမ်းဆိုတဲ့ဟာမျိုး ကျွန်တော်တို့ ပြန်ဖြစ်သွားဦးမှာပါ။ အဲဒီတော့ ဒီလိုမျိုးတွေ ပြဋ္ဌာန်းမယ့်အစား ရှင်းရှင်းလင်းလင်း အမျိုးသားလွှတ်တော်ရဲ့ သတ်မှတ်ထားတဲ့အတိုင်းပဲ ဒါမျိုးကိုထည့်ပြီးတော့ မပြဋ္ဌာန်းသင့်ပါဘူး။ အကယ်၍ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်လည်း တစ်လထက်ကျော်လွန်ပြီးတော့ လာရောက် တည်းခို နေထိုင်သူတွေရှိပါက လိုအပ်လာလျှင် စီမံဆောင်ရွက်မှု အဆင်ပြေစေရန်အတွက် အဲဒီ အုပ်ချုပ်ရေးမှူး ကိုယ်တိုင်ကနေပြီးတော့ ကျွန်တော်တို့ သူ့ဟာသူ စာရင်းပြုစုရမယ် ဆိုတဲ့ဟာမျိုး သာလျှင် ဒီလိုမျိုးသူ့တာဝန်ကိုပဲ ပြန်ပေးပြီးတော့ ပြဋ္ဌာန်းသင့်ပါတယ်။ ငွေညှစ်လို့မရအောင်လည်း အကာအကွယ်ပေးသင့်ပါတယ်။

နောက်ဆုံးဆွေးနွေးလိုတဲ့ အချက်ကတော့ ပုဒ်မ ၃၄(က) အမျိုးသားလွှတ်တော်ကနေ ဖြည့်စွက်ထားတဲ့ ကျေးရွာနဲ့ အုပ်ချုပ်ရေးမှူးရဲ့ တာဝန်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို ရှင်းလင်းပြတ်သားစေတဲ့ ပြဋ္ဌာန်းချက်ပါ။ အဲဒီပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတဲ့အတွက် မပါတော့ဘူး ဖြစ်သွားပါတယ်။ မပါတော့ရင် ကျွန်တော်တို့ ဆွေးနွေးခဲ့ကြ သလိုပဲ အုပ်ချုပ်ရေးမှူးရဲ့ လုပ်ပိုင်ခွင့်တွေ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေရဲ့ လုပ်ပိုင်ခွင့်တွေ၊ ပူးပေါင်း ဆောင်ရွက်မှုတွေအတွက် ပြဋ္ဌာန်းချက် မရှိတော့ဘူးဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကို လည်း ပြန်ဖြည့်စွက်ထည့်သွင်းသင့်ပါတယ်။

နောက်တစ်ခု ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုပါတယ်။ ကျွန်တော်အခုတင်ပြချက်ဟာ အချိန်တိုးတောင်းတာလည်း မဟုတ်ပါဘူး။ အချိန်ပိုပေးဖို့လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲမှာဆွေးနွေးတဲ့အခါမှာ သတ်မှတ်အချိန်အတွင်းမှာ ကျွန်တော်တို့ ပြောချင်တာတွေကို ပြည့်စုံအောင် ပြောရတဲ့အခါကျတော့ အချိန်နဲ့လိုက်လျောညီထွေဖြစ်အောင် နာမဝိသေသနတွေ၊ ကြိယာဝိသေသနတွေကို ဖယ်ရှားပြီးတော့ အချိန်လိုက်လျောညီထွေဖြစ်အောင် ပြောရတဲ့အခါတွေ ရှိပါတယ်။ အဲဒီအခါမှာ မီဒီယာတွေကနေပြီးတော့ လိုရာဆွဲပြီးတော့ ပုံဖော်လိုက်တဲ့အခါ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အထင်အမြင်လွဲမှားဖို့ အကြောင်းကလေးတွေ ဖြစ်လာတတ်တယ်ဆိုတဲ့ အကြောင်းကို ကျွန်တော်ကနေပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို မျှဝေအသိပေးချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ရေးမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှစ်ရပ်အကြား မတူညီသော ပြဋ္ဌာန်းချက်တွေထဲက (၅)ချက်ကို ကျွန်တော်ဆွေးနွေးပါမယ်။ ပထမဆုံးအနေနဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းများဆိုတဲ့ ခေါင်းစဉ်အောက် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ) မှာပါတဲ့ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ကို အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပြီး ပြည်သူ့လွှတ်တော်က ပြန်ဖြည့်ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပယ်ဖျက်သင့်တဲ့အချက်ဖြစ်တယ်လို့ ထင်ပါတယ်။ ပညာရေးနဲ့ စီမံအုပ်ချုပ်ရေးဟာ ထဲထဲဝင်ဝင် ပတ်သက်မှုမရှိကြောင်း ကျွန်တော့်ဒေသက အဖြစ်လေးနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နေထိုင်တဲ့ ရေးမြို့နယ်မှာ အဘော်ဆိုတဲ့ ကျေးရွာတစ်ရွာရှိပါတယ်။ မ.ဆ.လခေတ်၊ ကောင်စီဥက္ကဋ္ဌခေတ်ကပေါ့။ ရွာငယ်လေးဖြစ်ပေမယ့် အဘော်သူကြီးဆိုတာနဲ့ ရေးမြို့က လူတွေသိကြပါတယ်။ သိတာက သူစာတော်လို့ စာတတ်လို့မဟုတ်ပါဘူး။ ကျွန်တော်တို့မြို့ကိုတောင် တစ်ခါတလေ အကြောင်းအရာတစ်ခုကို အတည်ဖြစ်စေချင်ရင် ပုံ အဘော်သူကြီး အမိန့်ဆိုပြီးတော့ အချင်းချင်းအကြား နောက်ပြောင် အမိန့်ထုတ်ရလောက်အောင် အာဏာစက်ပြင်းလို့ဖြစ်ပါတယ်။ ဒီလိုဘာကြောင့် ဖြစ်တာလဲ။ သူ့ရွာကိုသူ နိုင်နိုင်နင်းနင်း စီမံအုပ်ချုပ်နိုင်တာကြောင့်ဖြစ်ပါတယ်။ တစ်ရွာလုံးက သူ့ကိုလေးလည်း လေးစား၊ အရင်လက်ထက်က သူကြီးဆိုတဲ့အရှိန်

ကြောက်ကလည်း ကြောက် တစ်ခါ အဲဒီသူကြီးခေါ် ကျေးရွာကောင်စီ ဥက္ကဋ္ဌရဲ့ ပညာအရည်အချင်းကို ပြောရရင် (ဘ.က)ပါ။ ကျောင်းမနေဖူးပါဘူး။ ဥက္ကဋ္ဌကို စာလုံးမပေါင်းတတ်လို့ တံဆိပ်တုံးကဟာကို ကူးရေးပြီး မြို့နယ်ကိုတင်တဲ့သူပါ။ ဥက္ကဋ္ဌကို ငှက်အုပ်လို့ရေးပြီးတော့ လက်မှတ်ထိုးလို့ မြို့နယ် ကောင်စီရုံးမှာတောင် အရွှန်းဖောက်ရတဲ့ အခြေအနေပါ။

ကျွန်တော်ပေးချင်တဲ့ Message က စာတတ်တာ၊ မတတ်တာနဲ့ အုပ်ချုပ်ရေးကျွမ်းကျင်တာ သိပ်မသက်ဆိုင်ဘူးဆိုတဲ့ အကြောင်းပါ။ အဲဒီအချိန်တုန်းက ကျွန်တော်တို့မြို့နယ်ဟာ အနက်ရောင် နယ်မြေပါ။ တကယ်လို့များ သူဟာ တောရောမြို့ပါ ပြေလည်အောင် မအုပ်ချုပ်နိုင်ရင် ရွာကသူတွေ လည်း သူကိုလေးစားကြမှာမဟုတ်သလို မြို့နယ်ကလူတွေလည်း သူကို ကျေးရွာကောင်စီဥက္ကဋ္ဌ ခန့်မှာ မဟုတ်ပါဘူး။ သူဟာ စာသိပ်မတတ်ပေမယ့် သူ့ရွာကို နိုင်နိုင်နင်းနင်းအုပ်ချုပ်နိုင်ပါတယ်။ ဒါကြောင့် ပညာအရည်အချင်းဆိုတာ ယေဘုယျသတ်မှတ်ချက် အချက်တစ်ချက်သာဖြစ်ပြီး ဗဟုသုတမရှိသူ၊ လူလေးစားလောက်တဲ့ အသိဉာဏ် အရည်အချင်းမရှိသူကို ဘယ်ပြည်သူမှ ရွေးချယ်မှာမဟုတ်လို့ ကျွန်တော်တို့အနေနဲ့ အငှားစိတ်ပူနေစရာ မလိုပါဘူး။ ကျွန်တော်တို့မြို့က မြို့ပေါ်မှာနေပြီး ပညာ အရည်အချင်းကို ဘာကြောင့်သတ်မှတ်ချင်နေကြသလဲဆိုရင် ကျွန်တော်တို့ မြို့နယ်ရုံးကလူတွေဟာ ရပ်/ကျေးဥက္ကဋ္ဌတွေနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာ လွယ်ကူစေဖို့ ကိုယ်အဆင်ပြေစေမယ့် အချက်ကို ရွေးချယ်ထားလို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံဆွေးနွေးရမှာက ပုဒ်မ(င)ပါ။ မူလပြဋ္ဌာန်းချက်မှာ တစ်ဆက်တည်း (၁၀)နှစ်နေထိုင်သူ ဖြစ်ရမယ်လို့ ပြဋ္ဌာန်းထားပေမယ့် (၂)လွှတ်တော်နှစ်ရပ်စလုံးက (၅)နှစ်ဆိုပြီး ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်ထည့်ထားပါတယ်။ ကျွန်တော့်အနေနဲ့ဆိုရင် ဝန်ထမ်းဖြစ်ခဲ့ဖူးတဲ့ အသားပေးထားတဲ့ ဒီအချက်က နိုင်ငံသားအချင်းချင်းကြား တန်းတူညီမျှမှုကို ထိခိုက်စေတဲ့အတွက် ပယ်ဖျက်ချင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း နိုင်ငံအနှံ့တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့သူတစ်ဦးဟာ အငြိမ်းစားယူပြီး ကိုယ့်ရပ်ကိုယ့်ရွာမှာ ပြန်အခြေချတယ်။ သူ့ရဲ့ ဗဟုသုတစုံလင်မှုကို သူ့ဒေသခံတွေကလည်း သဘောကျလို့ ခန့်ချင်တယ်။ ဒါပေမဲ့ နေထိုင်မှု သက်တမ်း(၅)နှစ် မပြည့်သေးလို့ဆိုတဲ့ ကန့်သတ်ချက်ကြောင့် သူ့ရပ်ရွာအကျိုးမထမ်းဆောင် နိုင်ဘူးဆိုရင် ရပ်ရွာလည်း နစ်နာနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အကြံပြုလိုတာက ခြွင်းချက်ကို ဒေသခံ အငြိမ်းစားဝန်ထမ်း ဖြစ်ပြီး ပြည်သူများလက်ခံလိုလားသူဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အနည်းဆုံး(၂)နှစ် တစ်ဆက်တည်းနေထိုင်သူအား ရွေးချယ်ခန့်ထားနိုင်သည်ဆိုတဲ့ တိကျတဲ့စာသားကို ပြဋ္ဌာန်းသင့်တယ်လို့ အကြံပြုလိုပါတယ်။ မူလခြွင်းချက်ထဲမှာပါတဲ့ လျှော့ပေါ့စဉ်းစားနိုင်သည်ဆိုတာ ရေရာမှုမရှိဘဲ (၁)လလောက်အချိန်လည်း ဖြစ်နိုင်နေလို့ပါပဲ။ ဘယ်လောက်ပဲ သူ့မှာ အတွေ့အကြုံရှိရှိ (၂)နှစ်လောက်မှ ဒေသတစ်ခုမှာ မနေဖူးဘူးဆိုရင် အဲဒီဒေသအကြောင်း နှံ့နှံ့စပ်စပ်သိနိုင်မှာ မဟုတ်ပါဘူး။

တတိယအနေနဲ့ ကျွန်တော်ဆွေးနွေးလိုတာက ပုဒ်မ ၇ ပါပဲ။ ဒီပုဒ်မက အုပ်ချုပ်ရေးမှူး ရွေးတဲ့ ပုဒ်မပါ။ အမျိုးသားလွှတ်တော်မှာ ပုဒ်မခွဲ(စ) နဲ့ (ဆ)ဖြစ်ပြီး၊ ပြည်သူ့လွှတ်တော်မှာ ပုဒ်မခွဲ(င) နဲ့ (စ)ပါ။ ကျွန်တော်ကတော့ စကားလုံးပိုကျစ်လျစ်တဲ့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းချက်ကို သဘောကျ ပါတယ်။ ဒါပေမဲ့ နည်းနည်းဖြည့်စွက်ဖို့ လိုနေသလိုခံစားရပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်က

ပြဋ္ဌာန်းထားတဲ့ အစိမ်းရောင်စာသားတွေကြားမှာ ကျွန်တော့်ရဲ့ အကြံပြုဖြည့်စွက်ချက်ကို အနီရောင်နဲ့ Power Point မှာ ဖြည့်သွင်းထားပါတယ်။ ဘာကြောင့် ဖြည့်စွက်ရသလဲဆိုရင် အချို့ကျေးရွာအုပ်စု တွေမှာ ရွာခွဲတွေ အတော်များပါတယ်။ တစ်ရွာကလူအကြောင်း အခြားရွာကလူတွေသိနိုင်ဖို့ ယှဉ်ပြိုင် အရွေးခံဖို့ အမည်စာရင်းပေးထားသူတွေရဲ့ ကိုယ်ရေးအကျဉ်းနဲ့ လူမှုရေးလုပ်ဆောင်ချက် အချို့ကို အမည်နဲ့ ယှဉ်တွဲဖော်ပြပေးမှသာ သိကြနိုင်ဖို့ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေနဲ့ နာမည်ကြီး ပုဒ်မ ၁၇ ဧည့်စာရင်းတိုင်တဲ့ ပုဒ်မကို ဆွေးနွေးလိုပါတယ်။ အမျိုးသားလွှတ်တော်မှာ ပယ်ဖျက်ထားပါတယ်။ ပြည်သူ့လွှတ်တော်မှာ အသွင်တစ်မျိုးနဲ့ ဖြေလျှော့ပြီး ပြန်ထည့်ထားပါတယ်။ ဆိုလိုတာက (၁)လနဲ့ အထက် လာနေတဲ့သူတွေအနေနဲ့ ဧည့်စာရင်းတိုင်ဖို့ပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းများစွာ ပြည်သူတွေကို သူတို့တီထွင်ထုတ်လုပ်ထားတဲ့ စက်ရုပ်တွေလို သဘောထားပြီး ခလုတ်နှိပ် စေခိုင်းချင်ကြတဲ့အစိုးရအဆက်ဆက် မင်းမူခဲ့တာကြောင့် ပြည်သူနဲ့ အစိုးရအကြား ရိုင်းပင်း ကူညီယုံကြည်မှုတွေ ပျောက်ဆုံးခဲ့ရပါတယ်။ ကျွန်တော်တို့ ထူထောင်မယ်လို့ ရည်ရွယ်ထားတဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဆိုတာ ပြည်သူတွေ ပူးပေါင်းပါဝင်လာဖို့၊ မိမိဒေသကို တာဝန်သိပြီး တာဝန် ခံရဲတဲ့ ပြည်သူတွေ တိုးတက်ဖြစ်ပေါ်ဖို့ အလွန်လိုအပ်ပါတယ်။ မိမိဒေသ လုံခြုံအေးချမ်းရေးအတွက် မိမိတို့မှာ တာဝန်ရှိပါလားဆိုတဲ့အသိ ပြည်သူတွေမှာရှိဖို့ အလွန်အရေးကြီးပါတယ်။ နေရာတကာ အစိုးရက ဝင်ပါလွှမ်းတဲ့အတွက် ဒီအသိတွေဟာ ပြည်သူများအကြား ပျောက်ဆုံးခဲ့ရပါတယ်။ ကိုယ့်ဒေသ မအေးချမ်းမှာကို စိတ်ပူကြတာ လူတိုင်းရဲ့သဘာဝပါ။ တကယ်လို့ ရပ်/ကျေးဥက္ကဋ္ဌတွေကသာ ကိုယ့်ပြည်သူတွေ ယုံကြည်လက်ခံလာအောင် ရိုးသားပွင့်လင်းစွာ လုပ်ပြနိုင်ကြမယ်ဆိုရင် ရပ်ရွာထဲ မသင်္ကာဖွယ်သူစိမ်းဝင်လာပြီး မဟုတ်တာတစ်ခုခုလုပ်ဖို့ စီစဉ်နေပြီဆိုတာနဲ့ ကိုယ့်အသိနဲ့ကိုယ် သတင်း ပေးမယ့်သူ၊ ကူညီဖမ်းဆီးပေးမယ့်သူ အများကြီးရှိပါတယ်။ တိုင်ရမယ်လို့ ဥပဒေ ထုတ်နေစရာတောင် မလိုပါဘူး။ ပုဒ်မ ၁၃(ပ)အရ ဥပဒေနဲ့အညီ ဝင်ရောက်စစ်ဆေးပိုင်ခွင့်လည်း ပေးထားတာကြောင့် ကမ္ဘာ့နိုင်ငံတွေမှာမသုံးတဲ့ ဒီ ဧည့်စာရင်းပုဒ်မကို စကားလုံးလှလှနဲ့ လှည့်ပတ်မနေဘဲ လုံးဝ ပယ်ဖျက် သင့်ပါကြောင်း အကြံပြုလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ အခန်း(၁၀)ခေါင်းစီးနဲ့ ခြေဆင်းကို ဆွေးနွေးပါ့မယ်။ မူလဥပဒေမှာပါတဲ့ခေါင်းစဉ်ဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ ရပိုင်ခွင့်ဆိုတာ ရှင်းပါတယ်။ ခြေဆင်းဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အောက်ပါအခွင့်အရေးများကို ကာကွယ်စောင့် ရှောက်ပေးရမည်လို့ ဆိုထားတဲ့အတွက် ဒါဟာ အုပ်ချုပ်ရေးမှူးရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီလို လွဲနေတဲ့ အတွက် ဒီဥပဒေကြမ်းကို ကျွန်တော်တို့ NGO, INGO ကော်မတီမှာ စတင်ဆွေးနွေးကတည်းက ခြေဆင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများသည် အောက်ပါအခွင့်အရေး များကို ခံစားပိုင်ခွင့်ရှိသည်ဆိုပြီး ပြင်ဆင်အဆိုပြု ပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော်လည်း အမျိုးသား လွှတ်တော်က ခေါင်းစဉ်ဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏အခွင့်အရေး ဆိုတဲ့ မူလခေါင်းစဉ်မှာကို ကာကွယ်စောင့်ရှောက်ခြင်းဆိုတာကို ထပ်ဖြည့်ပြီး ခေါင်းစဉ်နဲ့ မူလခြေဆင်းကို

လိုက်ဖက်အောင် ပြင်ဆင်ပြဋ္ဌာန်းပါတယ်။ ပြည်သူ့လွှတ်တော်က ကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက် အတိုင်းဆိုပြီး မူလအဆိုပြုပြဋ္ဌာန်းချက်ကို လက်ခံပါတယ်။ ကျွန်တော့်အနေနဲ့က ခေါင်းစဉ်ကိုပြင်ရင် ဥပဒေတစ်ခုထဲမှာပဲ အုပ်ချုပ်ရေးမှူးကို (၂)ခါ တာဝန်ပေးထားတဲ့သဘော တွေ့ရပါတယ်။ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)မှာ တစ်ခါ စောင့်ရှောက်ခိုင်းတယ်။ အခန်း(၁ဂ)မှာလည်း နောက်တစ်ခါ စောင့်ရှောက်ခိုင်း ပြန်သလိုဖြစ်နေတဲ့အတွက် ယခင် NGO, INGO ကော်မတီက ပြင်ဆင်ထားတဲ့၊ ပြည်သူ့လွှတ်တော် ကလည်း သဘောတူထားတဲ့ ပထမအဆိုပြုချက်ကိုသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံး ဘေးဘရာ ဝေးကွာကြပါစေ။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန်မှာ ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၉)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီမှာ ဆက်လက် ကျင်းပ မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]